YANGON AERODROME COMPANY LIMITED

*Setting the standard for high performance*

## ၂၀၁၈ခုနှစ်၏ နှစ်သန်းမြောက်ခရီးသည်ကို
## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် Air KBZ တို့မှ ကြိုဆို

- *ကံထူးရှင်ခရီးသည်မှ မြန်မာငွေကျပ်တစ်သန်းနှင့် မြန်မာငွေကျပ်တစ်သန်းတန်ဖိုးရှိ လက်ဆောင်ပစ္စည်းများကို လက်ခံရရှိခြင်း။*

**ရန်ကုန်- ဧပြီလ ၂၀ရက်၊ ၂၀၁၈ခုနှစ်** - ခရီးသည်ပေါင်းသန်း၂၀အထိဝန်ဆောင်မှုပေးနိုင်သော မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(YIA)သည် ၂၀၁၈ခုနှစ်၏ နှစ်သန်းမြောက် ခရီးသည်ကို ယနေ့ ဧပြီလ ၂၀ရက်နေ့တွင် ကြိုဆိုခဲ့ပါသည်။ Air KBZ K7 245 ဖြင့် ယနေ့ နေ့လယ် ၁၂ နာရီ ၅ မိနစ် တွင် သံတွဲမှ ရန်ကုန်သို့ ရောက်ရှိလာသော မအေးအေးအောင်ကို Terminal 3 ၌ အခမ်းအနားဖြင့် နွေးထွေးစွာ ကြိုဆိုခဲ့ပါသည်။




*ကံထူးရှင်ခရီးသည် မအေးအေးအောင် (အလယ်)အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် Air KBZမှ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်*

ကြိုဆိုဂုဏ်ပြုခြင်းအထိမ်းအမှတ်အနေဖြင့် မအေးအေးအောင်အား မြန်မာငွေကျပ်တစ်သန်းနှင့် နေပြည်တော်ရှိ Horizon Lakeview Hotel and Resortတွင် နှစ်ညတာအခမဲ့အနားယူခွင့်နှင့် Samsonite Luggageအစရှိသော အခြားတစ်သန်းကျပ်တန်ဖိုးရှိ ခရီးသွားအသုံးအဆောင်ပစ္စည်းများကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ခရီးစဉ်တစ်ခုတည်းတွင်စီးနင်းလိုက်ပါလာကြသည့် ခရီးသည်များကိုလည်း အမှတ်တရလက်ဆောင်များအဖြစ် duty-free voucher များပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ကံထူးရှင်ခရီးသည် မအေးအေးအောင်မှ "ဒီဆုရမယ်လို့ လုံးဝမမျှော်လင့်ထားပါဘူး။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ နှစ်သန်းမြောက်ခရီးသည်ဖြစ်ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ ဒီလေယာဉ်နဲ့ပြန်ဖို့ အစီအစဉ် မရှိပဲ ပြန်လာဖြစ်ပြီးတော့ ဒီဆုကို ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ သံတွဲကို အလှူလုပ်ဖို့အတွက်သွားတာဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရဲ့ နှစ်သန်းမြောက်ခရီးသည်အစီအစဉ်ကနေ ပေးအပ်တဲ့ ဆုကြေးငွေနဲ့လည်း လှူဒါန်းသွားမှာဖြစ်ပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

Yangon Aerodrome Company Limitedရဲ့ Chief Operating Officer Mr José Angejaက "၂၀၁၈ ခုနှစ်ရဲ့ ပထမလေးလအတွင်း ခရီးသည်အရေအတွက်များပြားလာပြီး ယနေ့မှာ ဒီနှစ်ရဲ့ နှစ်သန်းမြောက်ခရီးသည်ကို ကြိုဆိုရတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ မြန်မာနိုင်ငံရဲ့ အစည်ကားဆုံးအပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်ပြီး ၂၀၁၇ ခုနှစ်မှာ ခရီးသည်ပေါင်း ၅.၉၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ကာ နိုင်ငံတကာအဆင့်မီလေဆိပ်တစ်ခုအနေနဲ့ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေးကြိုးစားနေတာနဲ့အညီ ဒီလို အစီအစဉ်တွေ ရှေ့လျှောက်ဆောင်ရွက်သွားဖို့လည်း ရှိပါတယ်။ ပြည်တွင်းအထင်ကရနေရာတွေကို ပြေးဆွဲပျံသန်းနေတဲ့ Air KBZ လို မိတ်ဖက်လေကြောင်းလိုင်းတွေနဲ့အတူ ကျွန်တော်တို့ရဲ့ ကံထူးရှင်ခရီးသည်တွေကို ကြိုဆိုဂုဏ်ပြုပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

Air KBZ လေကြောင်းလိုင်းရဲ့ Senior Chief Operating Officer ဖြစ်သူ Capt. ကျော်ဟန်ကလည်း "ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဟာ ပြည်တွင်း Termianl ဖြစ်တဲ့ Terminal 3 ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက စတင်ဖွင့်လှစ်ခဲ့ပြီး အချိန်တိုအတွင်းမှာ ခရီးသည်မြောက်များစွာကို လက်ခံဝန်ဆောင်မှုပေးနိုင်တဲ့အတွက်လည်း ဂုဏ်ယူပါတယ်။ Air KBZ အနေနဲ့ ခရီးသည်တွေကို ဂုဏ်ပြုတဲ့ ဒီလိုအဓိပ္ပာယ်ရှိတဲ့အစီအစဉ်မှာပါဝင်ပြီး နှစ်သန်းမြောက်ခရီးသည်ကို ဝန်ဆောင်မှုပေးခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ရန်ကုန်ကနေ လေယာဉ် ၈ စင်းနဲ့ ပြည်တွင်းခရီးစဉ် ၉ ခုကို ပြေးဆွဲပျံသန်းပေးနေတဲ့ မြန်မာနိုင်ငံရဲ့ အကြီးဆုံးပြည်တွင်းလေကြောင်းလိုင်းဖြစ်တဲ့ Air KBZ အနေနဲ့ အနာဂတ်မှာ ပိုမိုများပြားတဲ့ခရီးသည်တွေကို ဝန်ဆောင်မှုပေးနိုင်ဖို့လည်း မျှော်လင့်လျက်ရှိပါတယ်။" ဟု ပြောကြားသွားပါသည်။

**ရေရှည်စွမ်းဆောင်နိုင်ရည်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ အသင့်ရှိနေ**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေနဲ့ ခရီးသည်ပေါင်းသန်း၂၀အထိဝန်ဆောင်မှုပေးနိုင်ရေးမျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပြီး နောင်လာမည့်ခရီးသည်များကိုဝန်ဆောင်မှုပေးနိုင်ရေးအတွက်လည်း အသင့်ရှိနေပါသည်။ ၂၀၁၇ခုနှစ်တွင် ခရီးသည်ပေါင်း ၅.၉၂သန်းကို ဝန်ဆောင်မှုပေးခဲ့ပြီး ၂၀၁၆ခုနှစ်တွင်လာရောက်ခဲ့သည့် ခရီးသည်ပေါင်း၅.၄၅သန်းနှင့် နှိုင်းယှဉ်ကြည့်ပါက ၈.၄၈%တိုးတက်ခဲ့ပါသည်။ အဆိုပါတိုးတက်မှုအနက် ၆၆% (သို့မဟုတ်) ခရီးသည်ပေါင်း၃.၉၃သန်းသည်အပြည်ပြည်ဆိုင်ရာခရီးသည်များဖြစ်ပြီး ၃၄% (သို့မဟုတ်) ခရီးသည်ပေါင်း ၁.၉၉သန်းသည် ပြည်တွင်းခရီးသည်များဖြစ်ကြပါသည်။ လေကြောင်းခရီးစဉ်များအနေဖြင့်၂၀၁၇ခုနှစ်တွင် ၁၁.၀၅%တိုးတက်ခဲ့ပြီး ၂၀၁၆ခုနှစ်နှင့်နှိုင်းယှဉ်ကြည့်ပါက ၇၈၀၇၆ မှ ၇၀၃၀၇အထိတိုးတက်လာခဲ့ပါသည်။

လက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ပြည်တွင်းလေကြောင်းလိုင်း၈လိုင်းနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း၂၈လိုင်းအား ဝန်ဆောင်မှုပေးလျက်ရှိပြီး လတ်တလောနှစ်များအတွင်းတွင် Emirates Airlines၊ Malindo Airနှင့် Cathay Dragonကဲ့သို့သော နာမည်ကြီးလေကြောင်းလိုင်းများလည်း ပါဝင်လာပြီဖြစ်ပါသည်။ အဆိုပါလေကြောင်းလိုင်းများသည် Yangon Aerodrome Company Limitedမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ဝန်ဆောင်မှုလုပ်ငန်းများကို စတင်တာဝန်ယူဆောင်ရွက်သည့် လွန်ခဲ့သည့်နှစ်နှစ်အတွင်း ရန်ကုန်သို့ ခရီးစဉ်အသစ်များစတင်ရေးဆွဲပျံသန်းခဲ့ခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်များအရ ၂၀၁၈ခုနှစ်တွင် ၇.၂%အထိတိုးတက်လာမည်ဖြစ်သော မြန်မာနိုင်ငံ၏ GDPနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များအနက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် နှစ်စဉ်ခရီးသည်ပေါင်းသန်း၂၀ ဝန်ဆောင်မှုပေးနိုင်ရေးမျှော်မှန်းတည်ဆောက်ထားသည်နှင့်အညီ နောင်ဆယ်စုနှစ်အထိ အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုပေးနိုင်ရေး ဦးဆောင်လျက်ရှိပါသည်။

**Yangon Aerodrome Company Limited (YACL)**
***Setting the standard for high performance***

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ ၊အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှုအစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သောခရီးသွားဦးရေသည် ပုံမှန်တိုးတက် လျက်ရှိပါသည်။ နိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်တိုးတက်စေရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် တစ်နှစ်လျှင်ခရီးသည်ပေါင်းသန်း၂၀ကိုဝန်ဆောင်မှုပေးနိုင်ရန်၊ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည် အသွေးပြည့်ဝသော ဝန်ဆောင်မှုများပေးနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံနေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး တိုကျို၊ ဒူဘိုင်း၊ စင်္ကာပူ၊ ဘေကျင်းနှင့် နယူးဒေလီအစရှိသော မြို့ကြီးများနှင့်လည်း ၆နာရီကြာပျံသန်းချိန်အကွာအဝေးအတွင်း၌သာတည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်း လိုင်း ၂၈လိုင်း နှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၂၆ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် မြန်မာနိုင်ငံ၏ အစည်ကားဆုံးနှင့် အကြီးမားဆုံးလေဆိပ်ဖြစ်ပြီး ၂၀၁၇ခုနှစ်အတွင်း ခရီးသည်စုစုပေါင်း၅.၉၂သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။